## တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အမေးအဖြေများ

**၁။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုသည်မှာ အဘယ်နည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုသည်မှာ တရားမမှုများအား အမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ တရားရုံးရှိစေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင်ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးကတာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေးအရာရှိတစ်ဦးက အမှုသည်များအကြား ကူညီဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုကို ဖြေရှင်းခြင်းဖြစ်သည်။

**၂။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်မှာ အဘယ်နည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၉-က တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မခွဲ (၁) တရားရုံးသည် တရားမကြောင်းဆိုင်ရာ အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်သည်။

ပုဒ်မခွဲ (၂) တရားရုံးသည် ဥပဒေဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာဖြင့်သော်လည်းကောင်း သတ်မှတ်ထားသည့် တရားမမှုများကို စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်နိုင်သည်။

ပုဒ်မခွဲ (၃) စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ချက်များအား ပေါက်ကြားမှုမရှိစေရန် လုံခြုံစွာ ထိန်းသိမ်းထားရမည်။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်စဉ်အတွင်း ဆက်သွယ်ဆောင်ရွက်ချက်၊ ထုတ်ဖော်ပြောကြားချက်၊ ဝန်ခံချက် တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အဆိုပါအမှုကို ဆက်လက်ကြားနာစစ်ဆေးရာတွင်ဖြစ်စေ၊ အခြားမှုခင်းဆောင်ရွက်ရာတွင်ဖြစ်စေ မည်သည့်နည်းနှင့်မျှ သက်သေခံအဖြစ် အသုံးမပြုရ။

ပုဒ်မခွဲ (၄) အမှုသည်များသည် စေ့စပ်ဖြေရှင်းရေးသဘောတူညီချက်ရရှိသည့်အခါ ယင်းသဘောတူညီချက်ကိုအခြေခံ၍ သင့်လျော်သည့်အမိန့် (သို့မဟုတ်) ဒီကရီ

တစ်ရပ်ရရှိရန် တရားရုံးတွင် တင်ပြလျှောက်ထားရမည်။ ထိုသို့ တင်ပြလျှောက်ထားသည့်အခါ တရားရုံးသည် တရားမကျင့်ထုံးဥပဒေနှင့်အညီ သင့်လျော်သည့်အမိန့် (သို့မဟုတ်) ဒီကရီတစ်ရပ်ကို ချမှတ်ရမည်။

ပုဒ်မခွဲ (၅) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လက်စွဲတို့ကို ထုတ်ပြန်နိုင်သည်။

**၃။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို မည်သည့်အခြေခံမူများဖြင့် ဆောင်ရွက်ပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို အောက်ပါအခြေခံမူများနှင့်အညီ ဆောင်ရွက်ပါသည်-

(က) သတ်မှတ်ထားသော အမှုအမျိုးအစားများမှအပ ကျန်တရားမမှုများအား အမှုသည်တို့၏ဆန္ဒအရ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၊

(ခ) စေ့စပ်ဖြေရှင်းရေးတွင် မပါဝင်လိုတော့ကြောင်း သို့မဟုတ် စေ့စပ်ဖြေရှင်းရေးကို ဆက်လက်မဆောင်ရွက်လိုတော့ကြောင်း အမှုသည်တစ်ဖက်ဖက်က သို့မဟုတ် နှစ်ဖက်အမှုသည်များက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် မည်သည့်အဆင့်တွင်မဆို ထုတ်ဖော်ပြောကြားလာသည့်အခါ စေ့စပ်ဖြေရှင်းရေးအရာရှိက အမှုသည်တို့၏ဆန္ဒအရ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှုကို အပြီးသတ်ခွင့်ပြုခြင်း၊

(ဂ) စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် အမှုသည်များ နားလည်ရန်လွယ်ကူပြီး၊ ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း၊

(ဃ) စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နေစဉ် အမှုသည်တို့၏ ပြောကြားချက်များ၊ တင်ပြသည့်အထောက်အထားများ၊ ညှိနှိုင်းချက်များ၊ ဝန်ခံချက်များကို

အမှုသည်တို့၏ သဘောတူညီချက်မပါဘဲ ထုတ်ဖော်ပြောကြားခြင်းမပြုခြင်း၊ လုံခြုံစွာထိန်းသိမ်းခြင်း၊

(င) စေ့စပ်ဖြေရှင်းရေးအရာရှိသည် လုပ်ငန်းစဉ်တစ်လျှောက် ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျကျ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) နှစ်ဖက်အမှုသည်များက သဘောတူလက်ခံသည့် သဘောတူညီချက်ကိုသာ စေ့စပ်ဖြေရှင်းရေးသဘောတူညီချက်အဖြစ် အသိအမှတ်ပြုခြင်း။

**၄။ တရားမမှုအား ကြားနာစစ်ဆေးဆုံးဖြတ်ခြင်းနှင့် စေ့စပ်ဖြေရှင်းခြင်းသည် မည်သို့ကွာခြားပါသနည်း။**

တရားမမှုအား ကြားနာစစ်ဆေးဆုံးဖြတ်ခြင်းသည် အမှုနှင့်စပ်လျဉ်း၍ အမှုသည်များနှင့်၎င်းတို့တင်ပြသည့် သက်သေတို့၏ ထွက်ဆိုချက်များ၊ အမှုသည်များက တင်သွင်းသည့် စာမှတ်စာတမ်းသက်သေခံချက်များ အစရှိသည်တို့အပေါ် သုံးသပ်၍ ဥပဒေနှင့်ညီညွတ်သော ဆုံးဖြတ်ချက်ကို တရားသူကြီးက ချမှတ်ခြင်းဖြစ်သည်။

တရားမမှုအား တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းခြင်းသည် အမှုသည်တို့၏အငြင်းပွားမှုအား အမှုသည်များက ကိုယ်တိုင်ညှိနှိုင်းဖြေရှင်းကြရာတွင် ညှိနှိုင်းဖြေရှင်းမှု အဆင်ပြေချောမွေ့စေရန်နှင့် သဘောတူညီချက်ရရှိသည့်အခါ ယင်းသဘောတူညီချက်အား ဥပဒေနှင့်ညီညွတ်သည့် သဘောတူညီချက်ဖြစ်ရန်အလို့ငှာ တရားရုံးကတာဝန်ပေးအပ်ထားသည့် စေ့စပ်ဖြေရှင်းရေးအရာရှိက နှစ်ဖက်အမှုသည်အကြား ကြားဝင်ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

**၅။ တရားမမှုမှ အမှုသည်များအနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို မည်သည့်အတွက်ကြောင့် ဆောင်ရွက်သင့်ပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို ဆောင်ရွက်ခြင်းဖြင့် အမှုသည်များသည် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိနိုင်သည့်အတွက် စေ့စပ်ဖြေရှင်းရေးကို ဆောင်ရွက်သင့်ပါသည် -

(က) စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းသည် ရိုးရှင်းလွယ်ကူသည့်အတွက် လုပ်ငန်းစဉ်တစ်လျှောက် အမှုသည်များကိုယ်တိုင် လွယ်ကူစွာ ပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ခြင်း၊

(ခ) အမှုသည်များအနေဖြင့် မိမိတို့လျှို့ဝှက်ထားလိုသည့် အကြောင်းအရာများ၊ အထောက်အထားများကို အခြားသူများမသိရှိစေဘဲ လုံခြုံစွာ ထိန်းသိမ်းထားနိုင်ခြင်း၊

(ဂ) အမှုသည်များသည် မိမိတို့ အမှန်တကယ် အငြင်းပွားသည့် ပြဿနာအပေါ် မိမိတို့ကိုယ်တိုင် ညှိနှိုင်းဖြေရှင်းအဖြေရှာရခြင်းဖြစ်သည့်အတွက် စေ့စပ်ဖြေရှင်းခြင်းရလဒ်အပေါ် စိတ်ကျေနပ်မှု မြင့်မားစေနိုင်ခြင်း၊

(ဃ) စေ့စပ်ဖြေရှင်းရေးဆောင်ရွက်စဉ် အချင်းချင်း ညှိနှိုင်းအဖြေရှာခြင်းအားဖြင့် နှစ်ဖက်အမှုသည်များအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေနိုင်ခြင်း၊

(င) စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အခါ အမှုသည်များအနေဖြင့် ၎င်းတို့၏ အငြင်းပွားမှုကို အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဖြေရှင်းပြီးစီးနိုင်ခြင်း။

**၆။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို မည်သည့်နေရာတွင် ဆောင်ရွက်ရပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အသီးသီးတွင် ဖွင့်လှစ်ထားသည့် စေ့စပ်ဖြေရှင်းရေးဌာနများတွင် ဆောင်ရွက်ရပါသည်။ (ဥပမာ - ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားမမှုများအား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနတွင် ဆောင်ရွက်ရပါသည်။)

မန္တလေးတိုင်းဒေသကြီးတွင်မူ ပြည်ထောင်စုနယ်မြေအတွင်းရှိ တရားရုံးများမှ တရားမမှုများကို ပျဉ်းမနားခရိုင်တရားရုံး တည်ရှိရာနေရာတွင် ပူးတွဲဖွင့်လှစ်ထားသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန (ပြည်ထောင်စုနယ်မြေ)

တွင် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရပြီး ကျန်တရားရုံးများမှ တရားမမှုများကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ဖွင့်လှစ်ထားသည့် စေ့စပ်ဖြေရှင်းရေးဌာနတွင် ဆောင်ရွက်ရပါသည်။

**၇။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို မည်သူက ဆောင်ရွက်ပေးပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ စေ့စပ်ဖြေရှင်းရေးအရာရှိအဖြစ် တာဝန်ပေးအပ်ထားသည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ကောင်းစွာလေ့ကျင့်သင်ကြားပေးပြီးဖြစ်သော တရားရေးအရာရှိများက ဆောင်ရွက်ပေးပါသည်။

**၈။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို မည်သည့်အမှုများတွင် ဆောင်ရွက်နိုင်ပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို တရားရုံးတွင် စွဲဆိုပြီးဖြစ်သော တရားမမှုများတွင် ဆောင်ရွက်နိုင်ပါသည်။ ယင်းတရားမမှုများအနက် မိသားစုဆိုင်ရာအငြင်းပွားမှုများ၊ ငွေကြေးဆိုင်ရာအငြင်းပွားမှုများနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများသည် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားသည့် တရားမမှုများဖြစ်ပြီး၊ အဆိုပါအမှုအမျိုးအစားများမှအပ အခြားတရားမမှုများသည် နှစ်ဖက်အမှုသည်များက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် ဆန္ဒရှိလျှင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်သောအမှုများဖြစ်ပါသည်။

**၉။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်လိုလျှင် မည်သို့စတင်ဆောင်ရွက်ရပါမည်နည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်လိုသူသည် တရားရုံးတွင် တရားမမှုကို ဦးစွာစွဲဆိုရန် လိုအပ်ပါသည်။ အမှုသည်များအနေဖြင့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်လိုကြောင်းလျှောက်လွှာအား တရားရုံးတွင် ဖွင့်လှစ်ထားသည့် စေ့စပ်ဖြေရှင်းရေးဌာနသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားနိုင်ခြင်း မရှိသေးသောကြောင့် ဖြစ်ပါသည်။

**၁၀။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းကို မည်သို့ ဆောင်ရွက်ပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းကို စေ့စပ်ဖြေရှင်းရေးဌာနရှိ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ထားရှိသော စေ့စပ်ဖြေရှင်းရေးအခန်းတွင် စေ့စပ်ဖြေရှင်းရေးအရာရှိနှင့် အမှုနှင့်သက်ဆိုင်သူများသာ ပါဝင်လျက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါသည် -

- မိတ်ဆက်စကားပြောကြားခြင်း
- စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ရှင်းလင်းပြောပြခြင်း၊
- စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၊
- စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အခါ သဘောတူညီချက်ပြုလုပ်ရန် ကူညီဆောင်ရွက်ပေးခြင်း၊
- စေ့စပ်ဖြေရှင်းရေးမအောင်မြင်သည့်အခါ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများအား အမှုသည်များအား မှာကြားရှင်းလင်းခြင်း၊
- သက်ဆိုင်ရာတရားခွင်သို့ စေ့စပ်ဖြေရှင်းရေးအစီရင်ခံစာပေးပို့ခြင်း။

**၁၁။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ် မည်မျှရှိပါ သနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမှုသည်များအကျိုးအလို့ငှာ အခမဲ့ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရန်အတွက် အမှုသည်များအနေဖြင့် အခကြေးငွေတစ်စုံတစ်ရာ ပေးဆောင်ရန်သော်လည်းကောင်း၊ ရုံးခွန်ထပ်မံထမ်းဆောင်ရန်သော်လည်းကောင်း လိုအပ်မည်မဟုတ်ပါ။

**၁၂။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရန် အမှုသည်က စေ့စပ်ဖြေရှင်းရေးအရာရှိကို ရွေးချယ်ခွင့်ရှိပါသလား။**

အမှုသည်က ရွေးချယ်ခွင့်မရှိပါ။ တာဝန်ကျ စေ့စပ်ဖြေရှင်းရေးအရာရှိအနေဖြင့် မိမိစေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရမည့်အမှုတွင် မိမိဆောင်ရွက်ရန် မသင့်လျော်သည့် လုံလောက်

သောအကြောင်းပြချက် ရှိသည်ဆိုလျှင် ဌာနတာဝန်ခံအား တင်ပြလမ်းညွှန်မှုခံယူဆောင်ရွက်မည်ဖြစ်ပါသည်။

**၁၃။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရန် ရှေ့နေနှင့်အတူ လာရောက်ရန် လိုအပ်သလား။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် အမှုသည်များသည် ရှေ့နေနှင့်အတူ မဖြစ်မနေလာရောက်ရန် လိုအပ်မည်မဟုတ်ပါ။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် အခြေခံမူအားဖြင့် အမှုသည်များသည် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါသည်။ သို့သော် အမှုသည်တို့၏ ရှေ့နေများသည်လည်း မိမိအမှုသည်အကျိုးအတွက် အမှုသည်နှင့်အတူ စေ့စပ်ဖြေရှင်းရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိပါသည်။

**၁၄။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်း ဆောင်ရွက်နေစဉ် စေ့စပ်ဖြေရှင်းရေးအခန်းတွင်းသို့ မည်သူများ ဝင်ရောက်ခွင့်ရှိပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်း ဆောင်ရွက်နေစဉ် စေ့စပ်ဖြေရှင်းရေးအခန်းတွင်းသို့ အမှုသည်များမှတစ်ပါး အခြားသူများ ဝင်ရောက်ခွင့်မရှိပါ။ သို့သော် ယင်းအမှုမှ ရှေ့နေများ၊ စေ့စပ်ဖြေရှင်းရေးကိစ္စအလို့ငှာ အမှုသည်ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်ထားသူဖြစ်ပြီး စေ့စပ်ဖြေရှင်းရေးအရာရှိက ခွင့်ပြုသည့်အပြင် တစ်ဖက်အမှုသည်က ကန့်ကွက်ခြင်းမရှိသူများ၊ အမှုသည်သည် မသန်စွမ်းသူ (သို့မဟုတ်) နာမကျန်းသူ (သို့မဟုတ်) အခြားသူ၏ အကူအညီလိုအပ်သူဖြစ်လျှင် ၎င်းကိုကူညီဆောင်ရွက်ပေးမည့်သူနှင့် ဘာသာစကား ပြန်ဆိုပေးရန် လိုအပ်သူဖြစ်လျှင် ဘာသာပြန်ဆိုသူတို့သည် စေ့စပ်ဖြေရှင်းရေးအရာရှိ၏ ခွင့်ပြုချက်၊ တစ်ဖက်အမှုသည်၏ သဘောတူညီချက်ဖြင့် ဝင်ရောက်နိုင်ပါသည်။

**၁၅။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းကို ဆောင်ရွက်သည့်အခါ အချိန်ကာလ မည်မျှ ကြာမြင့်ပါသနည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို ဆောင်ရွက်ရန် ယေဘုယျအားဖြင့် အချိန်ကာလ တစ်လ သတ်မှတ်ထားသော်လည်း လုံလောက်သောအကြောင်းရှိပါက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် အချိန်ကာလကို တိုးမြှင့်နိုင်ပါသည်။

**၁၆။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းကို အမှုအတောအတွင်း အကြိမ်ကြိမ် ဆောင်ရွက်ခွင့်ရှိပါသလား။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းကို အမှုအတောအတွင်း တစ်ကြိမ်သာ ဆောင်ရွက်ခွင့် ပြုထားပါသည်။ စေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ပြီးနောက် မအောင်မြင်သောစေ့စပ်ဖြေရှင်းရေးအဖြစ် စေ့စပ်ဖြေရှင်းရေးအစီရင်ခံစာတွင် ဖော်ပြပြီး တရားရုံးသို့ ပြန်လည်ပေးပို့လာသော တရားမမှုမှအမှုသည်များသည် တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာနတွင် နောက်တစ်ကြိမ်ထပ်မံ၍ စေ့စပ်ဖြေရှင်းပေးရန် တင်ပြခွင့်ရှိမည် မဟုတ်ပါ။

**၁၇။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးတွင် ညှိနှိုင်းဆွေးနွေးချက်များကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိပါသလား။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးတွင် ညှိနှိုင်းဆွေးနွေးချက်များကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်မရှိပါ။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၉ - က၊ ပုဒ်မခွဲ (၃) တွင် "စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ချက်များအား ပေါက်ကြားမှုမရှိစေရန် လုံခြုံစွာ ထိန်းသိမ်းထားရမည်။ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ်အတွင်း ဆက်သွယ်ဆောင်ရွက်ချက်၊ ထုတ်ဖော်ပြောကြားချက်၊ ဝန်ခံချက်တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အဆိုပါအမှုကို ဆက်လက်ကြားနာစစ်ဆေးရာတွင်ဖြစ်စေ၊ အခြားမှုခင်းဆောင်ရွက်ရာတွင်ဖြစ်စေ မည်သည့်နည်းနှင့်မျှ သက်သေခံအဖြစ် အသုံးမပြုရ" ဟု ပြဋ္ဌာန်းထားပါသည်။

**၁၈။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ်အတောအတွင်း အမှုသည် တစ်ဖက်ဖက်က စေ့စပ်ဖြေရှင်းရေး ဆက်လက်မဆောင်ရွက်လိုတော့ကြောင်း တင်ပြခွင့်ရှိပါသလား။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နေစဉ်အတောအတွင်း မည်သည့်အဆင့်တွင်မဆို အမှုသည်တစ်ဦးဦးက စေ့စပ်ဖြေရှင်းရေးကို ဆက်လက် မဆောင်ရွက်လိုတော့ကြောင်း တင်ပြခွင့်ရှိပါသည်။ ယင်းသို့တင်ပြလာသည့်အခါ စေ့စပ်ဖြေရှင်းရေးအရာရှိသည် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှုကို အပြီးသတ်ခွင့်ပြုနိုင်ပါသည်။

**၁၉။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းတွင် နှစ်ဖက်အမှုသည်များ သဘောတူညီချက် ရရှိသည့်အခါ မည်သို့ဆက်လက်ဆောင်ရွက်ရမည်နည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းတွင် နှစ်ဖက်အမှုသည်များ သဘောတူညီချက်ရရှိသည့်အခါ ယင်းသဘောတူညီချက်အား ပြုစု၍ စေ့စပ်ဖြေရှင်းရေးအရာရှိရှေ့မှောက်တွင် အမှုသည်များနှင့်သက်သေများက လက်မှတ်ရေးထိုးကြရပါမည်။ လက်မှတ်ရေးထိုးရမည့် သဘောတူညီချက် အရေအတွက်မှာ အမှုသည်အရေအတွက်အလိုက် ပြောင်းလဲမှုရှိနိုင်သော်လည်း စေ့စပ်ဖြေရှင်းရေးဌာနကိုမူ သဘောတူညီချက်၏ မူရင်းကွဲနှစ်စောင်အား မပျက်မကွက် ပေးအပ်ရပါမည်။ ယင်းနောက်တွင် ယင်းသဘောတူညီချက်နှင့် စေ့စပ်ဖြေရှင်းရေးအစီရင်ခံစာအား စေ့စပ်ဖြေရှင်းရေးဌာနမှ သက်ဆိုင်ရာတရားရုံးသို့ ပေးပို့ပါမည်။ အမှုသည်များအနေဖြင့်လည်း မိမိတို့၏သဘောတူညီချက်ကို အမှုစစ်တရားသူကြီးထံ တင်ပြ၍ သဘောတူညီချက်နှင့်စပ်လျဉ်း၍ တရားရုံးက မည်သည့်အမိန့် သို့မဟုတ် ဒီကရီတစ်ရပ်ချမှတ်ပေးစေလိုကြောင်း တင်ပြရမည်ဖြစ်ပါသည်။ လိုအပ်မည်ဆိုလျှင် တရားပြိုင်အနေဖြင့်လည်း သဘောတူညီချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံချက်ကို တင်သွင်းရမည် ဖြစ်ပါသည်။ ယင်းနောက်တွင်မှ အမှုသည်များ၏ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်ညီညွတ်သော အမိန့်တစ်ရပ်ကို တရားရုံးက ချမှတ်ပေးမည် ဖြစ်ပါသည်။

**၂၀။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းတွင် နှစ်ဖက်အမှုသည်များ သဘောတူညီချက် မရရှိသည့်အခါ မည်သို့ဆက်လက်ဆောင်ရွက်ရမည်နည်း။**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းခြင်းတွင် နှစ်ဖက်အမှုသည်များ သဘောတူညီချက် မရရှိသည့်အခါ စေ့စပ်ဖြေရှင်းရေးအရာရှိသည် ယင်းအမှုအား မအောင်မြင်သော စေ့စပ်ဖြေရှင်းရေးအဖြစ်သတ်မှတ်၍ စေ့စပ်ဖြေရှင်းရေးအစီရင်ခံစာအား သက်ဆိုင်ရာတရားရုံးသို့ ပေးပို့မည်ဖြစ်ပါသည်။ အမှုသည်များအားလည်း တရားရုံးက ချိန်းဆိုထားသော နေ့ရက်တွင် ရုံးချိန်း မပျက်မကွက် သွားရောက်ရန်လိုအပ်ကြောင်း၊ စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ အောင်မြင်မှုမရရှိကြောင်း အမှုစစ်တရားသူကြီးအား တင်ပြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားမည် ဖြစ်ပါသည်။ စေ့စပ်ဖြေရှင်းရေးမအောင်မြင်ကြောင်း အစီရင်ခံစာရရှိသည့် တရားရုံးအနေဖြင့်လည်း ယင်းအချက်အား မှတ်တမ်းတင်၍ အမှုအား ရောက်ရှိသည့်အဆင့်မှနေ၍ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။